အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

## စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရန် အမျိုးသမီးများ၏ စိန်ခေါ် သံ

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ် မတ်လ ၈ ရက်။

ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် လက်ရှိ မြန်မာပြည် တစ်ဝှမ်း ဖြစ်ပေါ်နေသော သမိုင်းဝင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် စစ်တပ်အပါအဝင် လုံခြုံရေး တပ်ဖွဲ့များမှ အကြမ်းဖက်မှုများ အထူးသဖြင့် အမျိုးသမီးများအပေါ် ကျူးလွန်နေခြင်းများအား အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ပြင်းထန်စွာ ရှုံ့ချလိုက်သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဆောင်ပုဒ်နှင့်အညီ ဖေဖော်ဝါရီ ၁ ရက်နေ့က အာဏာသိမ်းယူခဲ့သော စစ်တပ်၏ စစ်အာဏာရှင် စနစ်ကို စိန်ခေါ်၍ ခုခံ တော်လှန်သွားမည်ဖြစ်ကြောင်း မိမိတို့၏ သံဓိဋ္ဌာန်ကို အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ကြေညာလိုက်သည်။

မြန်မာ့လုံခြုံရေး တပ်ဖွဲ့များ၏ နိုင်ငံတစ်ဝှမ်းရှိ မြို့များတွင် ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို အကြမ်းဖက် သတ်ဖြတ်ခြင်းသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုဖြစ်ကြောင်း ထင်ရှားသည်။ မြန်မာစစ်တပ်သည် ထိုကဲ့သို့သော စစ်ရာဇဝတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ရိုဟင်ဂျာများ အပါအဝင် တိုင်းရင်းသား ပြည်သူများအပေါ် ကျူးလွန်လျက်ရှိနေခဲ့သည်။ မိမိတို့အနေဖြင့် ဤ ရာဇဝတ်မှုများကို ပြင်းထန်စွာ ရှုံ့ချလိုက်ပြီး မြန်မာစစ်တပ်ကို အကြမ်းဖက်သမားများအဖြစ် သတ်မှတ်လိုက်သည်။

မိမိတို့မှ စစ်တပ်အား ၎င်းတို့ မတရားသိမ်းယူထားသည့် အာဏာကို စွန့်လွှတ်ရန် တောင်းဆိုသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပယ်ဖျက်ရမည်ဖြစ်ပြီး စစ်တပ်မှ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော စစ်ရာဇဝတ်မှုများ အတွက်တာဝန်ယူ ရမည်ဖြစ်သည်။

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ဆယ်စုနှစ် နှစ်ခုကျော်ကြာအောင် စစ်တပ်မှ ကျူးလွန်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို မှတ်တမ်းတင်နေခဲ့သည်။ အမြစ်တွယ်နေပြီး ဖြစ်သည့် စစ်တပ်၏ ကျူးလွန်မှုများသည် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခွင့် ရရှိနေပြီး ရှင်သန်လွတ်မြောက်လာသူများအတွက် တရားမျှတမှု မရရှိခြင်းများ ဆက်တိုက် ဖြစ်ပေါ်နေပြီး

ရာဇဝတ်သားများသည် စစ်ဘက်ဆိုင်ရာ တရားရုံးများမှ တဆင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရနေခြင်းတို့က သက်သေပြနေပြီး ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝှမ်း လူထု အာဏာဖီဆန်ရေး လှုပ်ရှားမှု အကြားတွင် ဖမ်းဆီး ထိန်းသိမ်းခြင်း ခံကြရသော အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားခြင်းများရှိနေကြောင်း သတင်းများထွက်လာခြင်း အပေါ် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) က အထူးပင်စိုးရိမ်သည်။

မတ်လ ၃ ရက်နေ့က မန္တလေးတွင် ၁၉ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးသည် လည်ပင်းတွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။ ထိုနေ့တွင်ပင် မုံရွာတွင် ကျောင်းဆရာမ တစ်ဦး အသတ်ဖြတ်ခံရသည်။ ဆန္ဒပြမှုများ စတင်ခဲ့သည့် အချိန်မှ စ၍ ၎င်းတို့၏ အခြေခံ အခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခွင့်ကို ကျင့်သုံးခဲ့ကြသည့် အမျိုးသမီး အနည်းဆုံး ၆ ဦး ရက်စက်စွာ အသတ်ဖြတ်ခံခဲ့ရပြီး အများအပြားမှာ ဒဏ်ရာရရှိခဲ့ကြသည်။ အမျိုးသမီးများ အပါအဝင် ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် နိုင်ငံတစ်ဝှမ်း အကြမ်းဖက်ဖြိုခွင်းခြင်းသည် ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်ခံခဲ့ရသော မိမိတို့ နိုင်ငံ၏ ဒဏ်ရာဒဏ်ချက်များကို ပိုမို နက်ရှိုင်းစေသည်။ စစ်တပ်မှ ပြည်သူလူထု၏ နေအိမ်များအတွင်းသို့နှင့် လမ်းများပေါ်တွင် သေနတ်များဖြင့် ပစ်ခတ်ခြင်းကို ကြည့်ခြင်းအားဖြင့် စစ်တပ်၏ အတွင်း သဏ္ဍာန်မှာ ကာကွယ်ရန်ထက် ဖျက်ဆီးရန် ဖြစ်ကြောင်း ထင်ရှားနေသည်။ စစ်တပ်၏ ဤရိုင်းစိုင်း ကြမ်းကြုတ်သော ရက်စက်မှုကို မိမိတို့မှ အတိအလင်း စိန်ခေါ်လိုက်သည်။

တန်းတူရေးနှင့် ခွဲခြားဆက်ဆံမှု ကင်းရေး တို့အတွက် အခိုင်အမာ ကြိုးပမ်းအားထုတ် လုပ်ဆောင်ရန် တောင်းဆိုထားသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု အားလုံး ပပျောက်ရေးသဘောတူစာချုပ် (CEDAW) အပါအဝင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးထားခဲ့သည်။ မကြာသေးခင်က ဖြစ်ပွားခဲ့သော ကိုဗစ်ကပ်ရောဂါ ကာလအတွင်း တိုင်းရင်းသား ပဋိပက္ခ နယ်မြေများတွင် ဖြစ်ပွားလျက်ရှိနေခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများက စစ်တပ်သည် အမျိုးသမီးများ သို့မဟုတ် ၎င်းတို့၏ အာဏာကို စိန်ခေါ်သော မည်သည့် အရပ်သားများ၏ အခွင့်အရေးများကိုမဆို ထိန်းသိမ်းကာကွယ်ရန် လုံးဝ စိတ်ပါဝင်စားမှု မရှိကြောင်း ထင်ရှားသည်။ စစ်တပ်က အတိုက်အခံများအား ခြေမှုန်းရန် မုဒိမ်းမှုကို စစ်လက်နက်သဖွယ်အသုံးပြုခြင်း အပါအဝင် မဟာဇတ္တုဟာများ အားလုံးကို ထောက်ထား ညှာတာမှုကင်းမဲ့စွာ ချမှတ်ထားသည်။ ၎င်းတို့၏ အပြစ်ဒဏ်များ အပြစ်ပေး အရေးယူမှုမှ ကင်းလွတ်ခွင့်များ အဆုံးသတ်ရမည်ဖြစ်သည်။

ယခုကျရောက်သော ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခါသမယတွင် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) က မိမိတို့၏ စစ်အာဏာရှင် စနစ်အား ခုခံတော်လှန်ရေးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အတိအလင်း ကြေညာ၍ အောက်ပါ တောင်းဆိုချက်များကို ထပ်လောင်း တောင်းဆိုလိုက်သည်။